လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနမှ တင်ပြသည်။

တည်နေရာပြ မြေပုံ






ဒီဇင်ဘာလ
၂၈ ရက်နေ့၊
၂၀၂၂ခုနှစ်။

# စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊အလယ်ရှိကျေးရွာ အကြမ်းဖက်ခံရသည့်ဖြစ်စဉ်

## ဖြစ်မှုကျူးလွန်သူ

# ရွှေဘိုလေ့ကျင့်ရေး အမှတ်(၈) တပ်၊ ဇီးကုန်းသကြားစက်အတွင်း တပ်စွဲထားသည့် တပ်နှင့် ပျူစောထီးပူးပေါင်းအင်အား ၁၀၀ ကျော်

## ကျူးလွန်ခံရသူများ

ဖမ်းဆီးသတ်ဖြတ်ခံရသူများ

၁. ဦးချစ်ခင် (၆၅) နှစ်
၂. ဦးထွန်းမင်း (၄၈) နှစ်
၃. ဒေါ်ချောပို (၄၈) နှစ်
၄. ဒေါ်ဝင်းငွေး (၄၅) နှစ်
၅. ကိုကျော်စိုးအောင် (၄၃) နှစ်
၆. ကိုအောင်မြင့်သန်း (၃၈) နှစ်
၇. ကိုအောင်ကို (၃၅) နှစ်
၈. ကိုဆန်းနိုင် (၂၁) နှစ်
၉. မောင်နေမျိုးအောင် (၁၇) နှစ်




## ပြည်သူပိုင်ပစ္စည်းပျက်စီးဆုံးရှုံးမှု

- အနည်းဆုံးအိမ်ခြေ (၁၀၀)နီးပါးအား မီးရှို့ဖျက်ဆီးခဲ့
- ဆိုင်ကယ်အစီးရေ (၃၀) ကျော် မီးရှို့ဖျက်ဆီးခံရ
- တိရစ္ဆာန် အကောင်ရေ (၃၀) ကျော် သေကြေပျက်စီးခဲ့
- အိမ်ထောင်ပရိဘောဂများစွာ ဖျက်ဆီးခဲ့
- ကျေးရွာစာသင်ကျောင်းအတွင်း ကတုတ်ကျင်း ဘန်ကာများ တည်ဆောက်ထားခဲ့

# ဖြစ်စဉ်

## ဖြစ်စဉ်အကျဉ်းချုပ်

### ဒီဇင်ဘာလ ၂၂၊ ၂၀၂၂။ နံနက် (၅) နာရီခွဲခန့်

ခင်ဦးမြို့နယ်၊ရွှေဘို-မြစ်ကြီးနားဗျူဟာအမှတ်၂လမ်းပေါ်တွင် ရှိသောအိမ်ခြေ တစ်ထောင် ခန့်ရှိ အလယ်ရှိရွာကို ရွှေဘိုလေ့ကျင့်ရေး အမှတ်(၈)တပ်၊ ဇီးကုန်းသကြားစက်အတွင်း တပ်စွဲထားသည့် တပ်နှင့် ဒေသခံ ပျူစောထီးတို့ပူးပေါင်း အင်အား ၁၀၀ ကျော်ရှိ စစ်ကြောင်းသည် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဝင်ရောက်စီးနင်းခဲ့ရာ ထွက်မပြေးနိုင်ပဲ ပိတ်မိနေသည့်ရွာသားတစ်ချို့ကို ဖမ်းဆီးကာ လူသားဒိုင်းအဖြစ် အသုံးပြု၍ အလယ်ရှိရွာ၏ အထက်တန်းကျောင်းတွင် ကတုတ်ကျင်းနှင့် ဘန်ကာများကို အခိုင်အမာ ဆောက်လုပ် တပ်စွဲလိုက်ပြီး ဒေသခံ ပျူစောထီးများ၏ ဦးဆောင်မှုဖြင့် ကျေးရွာအတွင်းမှ တော်လှန်ရေးကို အထောက်အပံ့ပေးနေသူများနှင့် တော်လှန်ရေးတွင်ပါဝင်နေသည့်သူများကိုလိုက်လံရှာဖွေ ဖမ်းဆီးခဲ့သည်။ ရွာလယ်တွင် ဒေါ်ချောပို (၄၈)နှစ်ကို ပစ်သတ်ခဲ့သည်။ ကျေးရွာအစပ်ရှိ တောတဲများတွင် တိမ်းရှောင်နေသော ပြည်သူများကိုလည်း ကျေးရွာအတွင်းသို့ ပြန်လည်ဝင်ရောက်ရန်နှင့် မဝင်ပါက ပစ်သတ်မည် ရွာကို မီးရှို့မည်ဟု ခြိမ်းခြောက်ခဲ့သည်။

### နိုဝင်ဘာလ ၂၉၊၃၀၊ ၂၀၂၂။

ကျေးရွာအတွင်း စစ်ကောင်စီနှင့် ပျူစောထီးပူးပေါင်းတပ်တို့ တပ်စွဲထားသည့်နေရာကို ဒေသခံကာကွယ်ရေးတပ်ဖွဲ့များက သွားရောက်တိုက်ခိုက်ခဲ့စဉ် ပစ်သတ်ခံထားရသည့် ဒေသခံအချို့၏ အလောင်းများကိုတွေ့ခဲ့ရသည်။

### နိုဝင်ဘာလ ၃၀၊ ၂၀၂၂။ နံနက်ပိုင်း

အလယ်ရှိကျေးရွာအတွင်း တပ်စွဲထားသော စစ်သားများက ကျေးရွာတောင်ဘက်ပိုင်းရှိ စစ်ဘေးရှောင် ပြည်သူများ စုဝေးနေထိုင်နေသည့် တောကျောင်းကို ၆၀ မမ ဖြင့် ပစ်ခတ်၍ ကိုရင်ကြီး ၁ ပါးနှင့် စစ်ရှောင်ပြည်သူ ၃ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ အလယ်ရှိရွာမှ မောင်နှမ ၂ယောက်ဖြစ်သော ကိုကျော်စိုးအောင် (၄၃)နှစ်နှင့် ဒေါ်ဝင်းငွေ (၄၅)နှစ် တို့ကို PDF အားပေးထောက်ပံ့သူဟုစွပ်စွဲ၍ ပစ်သတ်ခဲ့သည်။

# ဖြစ်စဉ်

ဖြစ်စဉ်အကျဉ်းချုပ်

ဇန်နဝါရီလ ၂၊ ၂၀၂၃။

နံနက်ပိုင်း

ကျေးရွာအတွင်းမှ ပြန်လည်ထွက်ခွာသွားပြီးနောက် ကာကွယ်ရေးတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းစဉ် စစ်ကောင်စီတပ်က ပစ်သတ်ခဲ့သည့် အလောင်းစုစုပေါင်း ၈ လောင်းကို တွေ့ခဲ့ရပြီး အလောင်းတစ်လောင်းကို မီးရှို့ထားသည်။ နေမျိုးအောင် (၁၇)နှစ်၊ ကိုဆန်းနိုင် (၂၁)နှစ်၊ ကိုအောင်ကို (၃၅)နှစ် တို့မှာ ညီအစ်ကိုများဖြစ်ပြီး (၃)ဦးလုံးကို ပစ်သတ်ထားခဲ့ခြင်းဖြစ်သည်။ ဦးထွန်းမင်း (၄၈)နှစ်သည်လည်း ဖမ်းဆီး သတ်ဖြတ်ခံခဲ့ရပြီး မိသားစုအား ကိုယ်တိုင် သဂြိုလ်ခိုင်းခဲ့သည်။ ဦးချစ်ခိုင်အသက် (၆၅)နှစ်ကို ရိုက်နှက်ပြီးနောက် ပစ်သတ်ထားပြီး အလောင်းကို မြေမြှုပ်ကာ ဖျောက်ဖျက်ခဲ့သည်။ ဖမ်းဆီးသတ်ဖြတ်ခံရသူများသည် ဒေသကာကွယ်ရေး တပ်ဖွဲ့ဝင်များနှင့် ပတ်သက်မှုမရှိပဲတောင်သူ လယ်လုပ် အပြစ်မဲ့ပြည်သူများဖြစ်သည်။ ရွာ၏ရှေ့ထိပ်နှင့် နောက်ထိပ်ကို မီးရှို့ခဲ့သည့်အတွက် နည်းဆုံးအိမ်ခြေ၁၀၀နီးပါး နှင့် အိမ်ထောင်ပရိဘောဂများ မီးရှို့ဖျက်ဆီးခံရပြီး ဆိုင်ကယ် အစီး(၃၀)ကျော်ခန့် ပျက်စီးခဲ့ကာ တရိစ္ဆာန် အကောင် (၃၀)ကျော်သေဆုံးခဲ့ရသည်။

ဇန်နဝါရီလ ၃၊ ၂၀၂၂။

စစ်ကောင်စီတပ်များက လက်နက်နှင့် အင်အား ပြည်လည်ဖြည့်တင်းကာ ရွာအတွင်း ပြန်ဝင်လာသောကြောင့် ဒေသကာကွယ်ရေး တပ်ဖွဲ့ဝင်များနှင့် ဒေသခံရွာသားများ ရွာအတွင်း ပြန်လည် ဝင်ရောက်နိုင်ခြင်းမရှိသေးသဖြင့် ရွာအတွင်းရှိ လူဦးရေ ၄၀၀၀ကျော်မှာ တောထဲတွင် ရှောင်တိမ်းနေရဆဲဖြစ်သည်။

# သေဆုံးသူများ

| စဉ် | အမည် | လိင် | အသက် | ကျေးရွာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးချစ်ခင် | ကျား | ၆၅ | အလယ်ရှိရွာ | မြေမြှုပ်အလောင်းဖျောက်ထား |
| ၂ | ဦးထွန်းမင်း | ကျား | ၄၈ | အလယ်ရှိရွာ | မိသားစုမှ ကိုယ်တိုင်သဂြိုလ်ခဲ့ရ |
| ၃ | ဒေါ်ချောပို | မ | ၄၈ | အလယ်ရှိရွာ | - |
| ၄ | ဒေါ်ဝင်းငွေ | မ | ၄၅ | အလယ်ရှိရွာ | မောင်နှမနှစ်ဦးမှ အမ ဖြစ်သူ |
| ၅ | ကိုကျော်စိုးအောင် | ကျား | ၄၃ | အလယ်ရှိရွာ | မောင်နှမနှစ်ဦးမှ မောင်ဖြစ်သူ |
| ၆ | ကိုအောင်မြင့်သန်း | ကျား | ၃၈ | အလယ်ရှိရွာ | - |
| ၇ | ကိုအောင်ကို | ကျား | ၃၅ | အလယ်ရှိရွာ | တစ်အိမ်ထဲနေ ညီအစ်ကို(၃)ဦးမှ အကြီး |
| ၈ | ကိုဆန်းနိုင် | ကျား | ၂၁ | အလယ်ရှိရွာ | တစ်အိမ်ထဲနေ ညီအစ်ကို(၃)ဦးမှအလတ် |
| ၉ | မောင်နေမျိုးအောင် | ကျား | ၁၇ | အလယ်ရှိရွာ | တစ်အိမ်ထဲနေ ညီအစ်ကို(၃)ဦးမှ အငယ် |

# စစ်ရှောင်စခန်းတွင် ထိခိုက်ဒဏ်ရာရသူများ

| စဉ် | အမည် | လိင် | အသက် | ကျေးရွာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | အမည်မသိ | ကျား | - | အလယ်ရှိုရွာ | ကိုရင်ကြီး |
| ၂ | အမည်မသိ | - | - | အလယ်ရှိုရွာ | - |
| ၃ | အမည်မသိ | - | - | အလယ်ရှိုရွာ | - |

## ဓာတ်ပုံ





ကျေးရွာအတွင်းဖမ်းဆီးသတ်ဖြတ်ခံထားရသည့် ရုပ်အလောင်းများအားတွေ့ရစဉ်



ကျေးရွာအတွင်း သတ်ဖြတ်ထားသည့်
ရုပ်အလောင်အားတွေ့ရစဉ်



ရိုက်နှက် ပစ်သတ်ပြီး စောင်ဖြင့်ပတ်ကာ
မြေမြှုပ်ဖျောက်ဖျက်ထားသော ရုပ်အလောင်း

# ဓာတ်ပုံ





ကျေးရွာအတွင်းဖမ်းဆီးသတ်ဖြတ်ခံထားရသည့် ရုပ်အလောင်းများအားတွေ့ရစဉ်



မီးရှို့ခံထားရသည့် ရုပ်အလောင်းအားတွေ့ရစဉ်

# ဓာတ်ပုံ





မီးရှို့ခံဖျက်ဆီးခံထားရသည့် နေအိမ်များအားတွေ့ရစဉ်





မီးရှို့ခံဖျက်ဆီးခံထားရသည့် ကျေးရွာအတွင်း ပျက်စီးဆုံးရှုံးမှုများ

## ဓာတ်ပုံ





ကျေးရွာအတွင်း မီးရှို့ဖျက်ဆီးမှုကြောင့် ထိခိုက်သေဆုံးခဲ့ရသည့် တရိစ္ဆာန်များ





ကျေးရွာအတွင်း မီးရှို့ဖျက်ဆီးမှုကြောင့် ထိခိုက်သေဆုံးခဲ့ရသည့် တရိစ္ဆာန်များ